## ရည်ရွယ်ချက်

- ထီကံစမ်းသူမိဘပြည်သူများအနေဖြင့် အောင်ဘာလေသိန်းဆုထီ (အက္ခရာနှင့် ဂဏန်း ၆ လုံး ပါဝင်သည့်ထီစနစ်) နှင့် အောင်ဘာလေအွန်လိုင်းသိန်းဆုထီ (အက္ခရာနှင့် ဂဏန်း ၅ လုံး ပါဝင်သည့်ထီစနစ်) ဖြင့် ရောင်းချပေးနေသည့် ထီစနစ်လုပ်ငန်းစဉ်များအား ရှင်းလင်းစွာသိရှိနိုင်ရန်ဖြစ်ပါသည်။

## အောင်ဘာလေသိန်းဆုထီ (အက္ခရာနှင့် ဂဏန်း (၆) လုံး ပါဝင်သည့်ထီစနစ်)



- အောင်ဘာလေသိန်းဆုထီကို ၁၉၃၈ ခုနှစ်၊ ဇွန်လတွင် ထီလက်မှတ်တစ်စောင်လျှင် ရောင်းဈေး ၂ ကျပ်၊ အမြင့်ဆုံးထီဆုငွေ ကျပ် ၁ သိန်းဖြင့် စတင်ဖွင့်လှစ်ရောင်းချခဲ့ပြီး ၁၉၈၉ ခုနှစ်၊ မတ်လအထိ နှစ်လလျှင်တစ်ကြိမ် ဖွင့်လှစ်ခဲ့ပါသည်။ ယင်းနောက်ပိုင်းတွင် တစ်လလျှင်တစ်ကြိမ် ဖွင့်လှစ်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ အမြင့်ဆုံးထီဆုငွေ ကျပ် သိန်း ၁၅၀၀၀၊ ထီလက်မှတ်တစ်စောင်လျှင် ရောင်းဈေး ၁၀၀၀ ကျပ်ဖြင့် ရောင်းချခဲ့ပါသည်။ ၂၀၂၁ ခုနှစ်၊ မတ်လမှစ၍ အမြင့်ဆုံးထီဆုငွေ ကျပ် သိန်း ၅၀၀၀၊ ထီလက်မှတ်တစ်စောင်လျှင် ရောင်းဈေး ၁၀၀၀ ကျပ်ဖြင့် ရောင်းချပေးလျက်ရှိပြီး ထီဖွင့်ပွဲအား လစဉ် လဆန်း ၁ ရက်နေ့တိုင်း ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲတွင် အများပြည်သူရှေ့မှောက်၌ ဖွင့်လှစ်ပေးလျက်ရှိပြီး MRTV၊ MWD၊ Sky Net နှင့် အခြားမီဒီယာများမှလည်း လစဉ်ထုတ်လွှင့်ပေးလျက်ရှိပါသည်။
- ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ၊ ၂၉ ကြိမ်မြောက်အထိ ထီရောင်းရငွေ၏ ၆၀ % ကို ဆုမဲအဖြစ်ခွဲဝေပြီး ကျန် ၄၀ % ကို အောင်ဘာလေသိန်းဆုခွန်အဖြစ် ရယူပါသည်။
- ၂၀၂၁ ခုနှစ်၊ သြဂုတ်လ၊ ၃၀ ကြိမ်မြောက်မှစတင်၍ ထီရောင်းရငွေ၏ ၇၀ % ကို ဆုမဲအဖြစ်ခွဲဝေပြီး ကျန် ၃၀ % ကို အောင်ဘာလေသိန်းဆုခွန်အဖြစ် ရယူပါသည်။

## အောင်ဘာလေအွန်လိုင်းသိန်းဆုထီ (အက္ခရာနှင့် ဂဏန်း (၅) လုံး ပါဝင်သည့် ထီစနစ်)

- အောင်ဘာလေအွန်လိုင်းသိန်းဆုထီ (အက္ခရာနှင့် ဂဏန်း ၆ လုံး ပါဝင်သည့် ထီစနစ်) ကို ၂၀၂၃ ခုနှစ်၊ ဇွန်လ၊ ၅၂ ကြိမ်မြောက်မှစတင်၍ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ၊ ၆၇ ကြိမ်မြောက်အထိ ထီလက်မှတ်တစ်စောင်လျှင် ရောင်းဈေး ၁၀၀၀ ကျပ်၊ အမြင့်ဆုံးထီဆုငွေ ကျပ် သိန်း ၅၀၀ ဖြင့် ရောင်းချခဲ့ပါသည်။
- ယခုအခါ အောင်ဘာလေအွန်လိုင်းသိန်းဆုထီ (အက္ခရာနှင့် ဂဏန်း ၅ လုံး ပါဝင်သည့် ထီစနစ်သစ်) ကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ၊ ၁၅ ရက်နေ့မှစတင်၍ ထီလက်မှတ်တစ်စောင်လျှင် ရောင်းဈေး ၁၀၀၀ ကျပ်၊ အမြင့်ဆုံး



ထီဆုငွေ ကျပ် သိန်း ၅၀၀ ဖြင့် လစဉ် တစ်လလျှင်နှစ်ကြိမ် (၁ ရက်နေ့နှင့် ၁၆ ရက်နေ့တွင်) ဖွင့်လှစ်ရောင်းချပါသည်။

ထီရောင်းရငွေ၏ ၇၀ % ကို Jackpot ဆု၊ ယူနစ်ဆုများနှင့် ဝေဝေဆာဆာပဒေသာဆုများစသည့် ဆုမဲများအဖြစ်ခွဲဝေပြီး ကျန် ၃၀ % ကို အောင်ဘာလေသိန်းဆုခွန်အဖြစ် ရယူပါသည်။

## ထီဆုမဲများ

- **အောင်ဘာလေသိန်းဆုထီတွင်** အထူးဆုကြီး (ကျပ် သိန်း ၅,၀၀၀၊ ကျပ် သိန်း ၂,၀၀၀၊ ကျပ် သိန်း ၁,၀၀၀)၊ ဆုတစ်ဆုချင်း (ကျပ် သိန်း ၅၀၀၊ ကျပ် သိန်း ၂၀၀၊ ကျပ် သိန်း ၁၀၀၊ ကျပ် သိန်း ၅၀၊ ကျပ် သိန်း ၂၀၊ ကျပ် ၁၀ သိန်း) နှင့် ဝေဝေဆာဆာပဒေသာဆု ( ကျပ် ၃ သိန်း၊ ကျပ် ၂ သိန်း၊ ကျပ် ၁ သိန်း၊ ကျပ် ၅ သောင်း၊ ကျပ် ၁ သောင်း) စသည့် ဆုမဲများ ခွဲဝေထားပါသည်။
- **အောင်ဘာလေအွန်လိုင်းသိန်းဆုထီတွင်** Jackpot ဆုကြီး (ကျပ် သိန်း ၅၀၀)၊ ဆုတစ်ဆုချင်း (ကျပ် သိန်း ၁၀၀၊ ကျပ် သိန်း ၅၀၊ ကျပ် ၁၀ သိန်း) နှင့် ဝေဝေဆာဆာ ပဒေသာဆု (ကျပ် ၂ သိန်း၊ ကျပ် ၁ သိန်း၊ ကျပ် ၅ သောင်း၊ ကျပ် ၁ သောင်း) စသည့်ဆုမဲများ ခွဲဝေထားပါသည်။ Jackpot ဆု၏ ထီလက်မှတ်ကံထူးရှင်အား တစ်ကြိမ်သာဖွင့်လှစ်ရွေးချယ်ပြီး တစ်ကြိမ်အတွင်း ပေါက်မဲနံပါတ်ထွက်ပေါ်လာပါက Jackpot ဆုအား ဆွတ်ခူးနိုင်ပါသည်။ တစ်ကြိမ်အတွင်း ပေါက်မဲနံပါတ်မထွက်ပေါ်ပါက Jackpot ဆုအတွက် ထီဆုငွေအား နောက်တစ်ကြိမ်ကျင်းပသည့် ထီဖွင့်ပွဲတွင်ပေါင်းထည့်၍ ဆတိုးဆောင်ရွက်ခြင်း၊ အများဆုံး ၆ ကြိမ်၊ ၃ လအထိ ထားရှိဆောင်ရွက်ပေးမည်ဖြစ်ပြီး ၆ ကြိမ်မြောက်တွင် ပေါက်မဲနံပါတ်ထွက်ပေါ်လာသည်အထိ ဆောင်ရွက်ပေးပါသည်။
- နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ အစိုးရအောင်ဘာလေသိန်းဆု ဆုမဲမှထုတ်ယူရရှိငွေအပေါ် ဝင်ငွေခွန်ပေးဆောင်ရန် မလိုအပ်ပါ။

## အောင်ဘာလေသိန်းဆုထီစာအုပ်နှင့် အောင်ဘာလေအွန်လိုင်းသိန်းဆုထီလက်မှတ်များ ဝယ်ယူကံစမ်းနိုင်ရန်နည်းလမ်းများ

- **အောင်ဘာလေသိန်းဆုထီ** (အက္ခရာနှင့်ဂဏန်း ၆ လုံး ပါဝင်သည့်) ထီစာအုပ်များကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအတွက် အောင်ဘာလေသိန်းဆုဌာနခွဲ၊ ရန်ကုန်မြို့မှလည်းကောင်း၊ မန္တလေးစည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်များအတွက် အောင်ဘာလေသိန်းဆုဌာနခွဲ၊ မန္တလေးရုံးခွဲမှလည်းကောင်း၊ ပြည်ထောင်စုနယ်မြေအပါအဝင် ကျန်တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ မြို့နယ်များအတွက် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများမှလည်းကောင်း ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။



- **အောင်ဘာလေအွန်လိုင်းသိန်းဆုထီ** (အက္ခရာနှင့် ဂဏန်း ၆ လုံး ပါဝင်သည့်) ထီလက်မှတ်များကို ၂၀၂၃ ခုနှစ်၊ ဇွန်လ၊ ၅၂ ကြိမ်မြောက်မှစတင်၍လည်းကောင်း၊ စနစ်သစ်ဖြစ်သည့် အက္ခရာနှင့် ဂဏန်း ၅ လုံး ပါဝင်သည့် အောင်ဘာလေအွန်လိုင်းသိန်းဆုထီလက်မှတ်များကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ၊ ၁၅ ရက်နေ့မှစတင်၍လည်းကောင်း ရောင်းချခဲ့ပြီး Aung Bar Lay Application/ Website တို့မှ မိမိကြိုက်နှစ်သက်ရာနည်းလမ်း/ ငွေပေးချေမှုစနစ်ဖြင့် လွယ်ကူစွာဝယ်ယူကံစမ်းနိုင်ရန် အောက်ပါအတိုင်း စီစဉ်ဆောင်ရွက်ထားပါသည်–
  - ★ E – wallet ဖြင့် ထီလက်မှတ်ဝယ်ယူခြင်း (Mytel Pay/ KBZ Pay/ CB Pay/ AYA Pay/ UAB Pay/ One Pay/ OK Dollar/ Easy Pay/ Phone Balance စသည်ဖြင့်)၊
  - ★ Mytel Phone Bill ဖြင့် ထီလက်မှတ်ဝယ်ယူခြင်း။

## ထီဆုငွေများထုတ်ယူရန် နည်းလမ်းများနှင့် တင်ပြရမည့်အထောက်အထားများ

- **အောင်ဘာလေသိန်းဆုထီ**အတွက် ဆုမဲအမျိုးအစားအားလုံး၏ ထီဆုငွေများအား ရန်ကုန်မြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးနှင့် မန္တလေးမြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ (ရုံးခွဲ) တွင်သော်လည်းကောင်း၊ သက်ဆိုင်ရာမြို့နယ်ဘဏ်များမှ တစ်ဆင့်သော်လည်းကောင်း ထုတ်ယူနိုင်ပါသည်။ ကျပ် ၁၀ သိန်းနှင့်အောက်ထီဆုငွေများကို ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စည်ပင်သာယာနယ်နိမိတ်ပြင်ပနှင့် ပြည်ထောင်စုနယ်မြေအပါအဝင် ကျန်တိုင်းဒေသကြီး/ ပြည်နယ်များရှိ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင်လည်း ထုတ်ယူနိုင်ပါသည်။
- အောင်ဘာလေသိန်းဆုထီအတွက် ဆုမဲအမျိုးအစားအားလုံး၏ ထီဆုငွေများ ထုတ်ယူရာတွင် အောက်ပါတို့ကို တင်ပြရမည်ဖြစ်ပါသည်–
  - ★ ဆုရထီလက်မှတ်မူရင်း၊
  - ★ (၆) လအတွင်း ရိုက်ကူးထားသည့် Passport အရွယ်အစားဓါတ်ပုံ (၃) ပုံ၊
  - ★ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/ မိတ္တူ၊
  - ★ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်းပျောက်ဆုံး/ ပျက်စီးနေပါက သက်ဆိုင်ရာဌာန/ အဖွဲ့အစည်း၏ထောက်ခံစာမူရင်း၊
  - ★ ကိုယ်စားလှယ်ဖြင့် ထုတ်ယူခြင်းဖြစ်ပါက ကိုယ်စားလှယ်လွှဲစာနှင့် ကိုယ်စားလှယ်၏ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/ မိတ္တူ။
- **အောင်ဘာလေအွန်လိုင်းသိန်းဆုထီ**အတွက် ထီကံထူးသူ၏ ထီကံစမ်းထားသည့် ဖုန်းနံပါတ်သို့ ထီပေါက်ကြောင်း စာတို (SMS) ပေးပို့အကြောင်းကြား

ပေးမည်ဖြစ်ပြီး ကျပ် ၁၀ သိန်း အထက်ထီဆုငွေများအား ရန်ကုန်မြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးနှင့် မန္တလေးမြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ မန္တလေးရုံးခွဲတို့တွင် ထုတ်ယူနိုင်ပါသည်။ ကျပ် ၁၀ သိန်းနှင့်အောက်ထီဆုငွေများကို ထီကံထူးသူ၏ ထီကံစမ်းဝယ်ယူရာတွင် အသုံးပြုပေးချေခဲ့သည့် ငွေပေးချေမှုစနစ်မှတစ်ဆင့် ထုတ်ယူနိုင်ပါသည်။ Mytel Phone Bill မှတစ်ဆင့် ငွေပေးချေဝယ်ယူမှုများအား Application တွင် ၎င်းတို့ရွေးချယ်ထားသည့် E – Wallet Payment Account များမှတစ်ဆင့် ထီဆုငွေများအား ထုတ်ယူနိုင်ပါသည်။

- ❖ အောင်ဘာလေအွန်လိုင်းသိန်းဆုထီအတွက် ထီကံထူးရှင်ကိုယ်တိုင် ကျပ် ၁၀ သိန်းအထက်ဆုငွေများ ထုတ်ယူရာတွင် အောက်ပါတို့ကို တင်ပြရမည်ဖြစ်ပြီး အွန်လိုင်းထီကံထူးမှုအတွက် ထီကံထူးရှင်၏ Application တွင် လိုအပ်သလိုစစ်ဆေးမှုခံယူရမည်ဖြစ်ပါသည်–
  - ★ Application တွင် ထီကံစမ်းခဲ့ကြောင်း ထီလက်မှတ်အထောက်အထားနှင့် Screenshot မိတ္တူ၊ ထီကံထူးကြောင်း ပေးပို့သည့်စာတို (SMS) နှင့် Screenshot မိတ္တူ၊ ထီဆုငွေထုတ်ယူရန် ပေးပို့ထားသည့် လျှို့ဝှက်ကုတ်ပါဝင်သည့် စာတို (SMS) နှင့် Screenshot မိတ္တူ၊
  - ★ (၆) လအတွင်း ရိုက်ကူးထားသည့် Passport အရွယ်အစားဓါတ်ပုံ (၃) ပုံ။
  - ★ အိမ်ထောင်စုစာရင်း မူရင်း/ မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/ မိတ္တူ သို့မဟုတ် Passport မူရင်း/ မိတ္တူ သို့မဟုတ် Foreigner Registration Certificate (FRC) မူရင်း/ မိတ္တူ၊

## အက္ခရာနှင့်ဂဏန်း (၆) လုံး ပါဝင်သည့် အောင်ဘာလေသိန်းဆုထီ၊ ဆုငွေထုတ်ယူသူများအတွက် စည်းကမ်းချက်များ

- ❖ အောင်ဘာလေသိန်းဆု၊ ဆုရလက်မှတ်တင်ပြနိုင်မှသာလျှင် ဆုငွေထုတ်ယူခွင့်ရှိပါသည်။
- ❖ တင်ပြတောင်းခံသော ဆုရလက်မှတ်၏ အက္ခရာနှင့်ဂဏန်းတို့ တစ်ဆက်တစ်စပ်တည်းမရှိ၊ ပိုင်းပြတ်စုတ်ပြဲနေသော ဆုရလက်မှတ်များ ဆုငွေထုတ်ပေးမည်မဟုတ်ပါ။ အက္ခရာနှင့်ဂဏန်းများတွင် ပြင်ရာ၊ ဖျက်ရာတွေ့ရှိလျှင်ဖြစ်စေ၊ မူလအနေအထား ချွတ်ယွင်းပျက်စီးမှုတွေ့ရှိလျှင်ဖြစ်စေ၊ ဆုငွေထုတ်ပေးခြင်းကို အောင်ဘာလေသိန်းဆုဌာနခွဲမှ ငြင်းပယ်ခွင့်ရှိပါသည်။
- ❖ ထီလက်မှတ်ဝယ်ယူကြောင်း၊ ပိုင်ဆိုင်ကြောင်း၊ ပျောက်ဆုံးသွားကြောင်းနှင့် စပ်လျဉ်းသောအချက်များ၊ အငြင်းပွားခြင်းများ၊ ကန့်ကွက်ခြင်းများစသည်တို့ကို အောင်ဘာလေသိန်းဆုဌာနခွဲမှ လက်ခံစဉ်းစားပေးမည်မဟုတ်ဘဲ ထီလက်မှတ်မတင်ပြနိုင်ပါက ဆုငွေထုတ်ပေးမည်မဟုတ်ပါ။ ဆုရလက်မှတ်တင်ပြသူကို



သာလျှင် ဆုငွေရထိုက်သည်ဟု အောင်ဘာလေသိန်းဆုဌာနခွဲမှ အသိအမှတ်ပြုမည်ဖြစ်ပါသည်။

- ❖ ဆုရလက်မှတ်တင်ပြသူ သို့မဟုတ် ပိုင်ဆိုင်သူသည် နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်ခြင်းနှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာဥပဒေပါ ပြစ်မှုတစ်ခုခုကိုကျူးလွန်သည်ဟု အောင်ဘာလေသိန်းဆုဌာနခွဲ၊ ညွှန်ကြားရေးမှူးက ယုံကြည်ရန်အကြောင်းရှိလျှင် ဆုငွေထုတ်ပေးခြင်းကို ရပ်ဆိုင်းထားပိုင်ခွင့်ရှိပါသည်။

## အခွန်ဘဏ္ဍာအဖြစ်သိမ်းယူခြင်း

- ❖ အောင်ဘာလေသိန်းဆုပေါက်စဉ် ကြေညာသည့်ရက်မှ တစ်နှစ်အတွင်း တောင်းခံခြင်းမပြုသော ထီဆုငွေများကို အခွန်ဘဏ္ဍာအဖြစ် သိမ်းယူဆောင်ရွက်မည်ဖြစ်ပါသည်။

## ကျေးဇူးတင်လွှာ

နိုင်ငံတော်အစိုးရသည် ကောက်ခံရရှိသည့်အခွန်ငွေများဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းတံတားတည်ဆောက်ခြင်း၊ ပညာရေး၊ ကျန်းမာရေးအစရှိသည့်လုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် နိုင်ငံတစ်ဝန်းလုံးရှိ မိဘပြည်သူများအနေဖြင့် အောင်ဘာလေသိန်းဆုထီနှင့် အောင်ဘာလေအွန်လိုင်းသိန်းဆုထီများ ပါဝင်ကံစမ်းကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ နိုင်ငံတော်အစိုးရ၏ဘဏ္ဍာငွေရရှိရေး တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသည့် ထီကံစမ်းသူမိဘပြည်သူများအား အထူးကျေးဇူးတင်ရှိပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

အသေးစိတ်သိရှိလိုပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး(ရန်ကုန်) အမှတ်–၁၂၈/ ၁၃၂ (ဒုတိယထပ်နှင့်တတိယထပ်)၊ ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ဖုန်း–၀၁–၈၃၈၉၃၁၁၊ ၀၁–၈၃၈၉၃၂၂ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်)၊ ရုံးအမှတ်(၄၆)၊ ဖုန်း–၀၆၇–၃၄၃၀၅၂၂၊ ၀၆၇–၃၄၃၀၅၄၄ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)၊ ၆၅လမ်း၊ ၂၂x၂၃ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ ဖုန်း–၀၂–၄၀၃၀၁၉၂၊ ၀၂–၄၀၃၀၆၃၈၊ ၀၂–၄၀၃၀၆၃၉ သို့မဟုတ် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ရုံးချိန်အတွင်းစုံစမ်းမေးမြန်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm သို့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လက်ကမ်းစာစောင်နှင့် ပုံစံများကိုလည်း download ရယူနိုင်ပါသည်။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## အောင်ဘာလေသိန်းဆုထီနှင့် အောင်ဘာလေအွန်လိုင်းသိန်းဆုထီအကြောင်း သိကောင်းစရာများ







၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်။

Internal Revenue Department

Office Building No.(46), Nay Pyi Taw

https://www.ird.gov.mm

“Tax by the Law, Service by our Heart”